ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

စာအမှတ်၊ ငလ/နပတ-၅/၂၀၂၄ (၇၉၂၈)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်

အကြောင်းအရာ။ **ငါး၊ ပုစွန်ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ရာ၌ အညွှန်းအမှတ်တံဆိပ် (Label) တွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြရန်ကိစ္စ**

ရည် ညွှန်း ချက် ။ (၁) ငါးလုပ်ငန်းဦးစီးဌာန၏ (၉-၁၀-၂၀၀၉) ရက်စွဲပါစာအမှတ်၊ ငလ/FIQC-လငငါ/၂၀၀၉-၂၀၁၀/၄၄၁

(၂) ငါးလုပ်ငန်းဦးစီးဌာန၏ (၁၄-၁၂-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ငလ/ နပတ-၅/၂၀၁၆ (၅၉၄၈)

(၁) ငါးလုပ်ငန်းဦးစီးဌာန၏ (၃၀-၁-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ငလ/ နပတ-၅/၂၀၂၀ (၇၆၅)

၁။ ငါး၊ ပုစွန် နှင့် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်တင်ပို့သူများအနေဖြင့် ပြည်ပသို့ ရေထွက်ပစ္စည်းများတင်ပို့ရာတွင် FAO/WHO က ပြဋ္ဌာန်းထားသော Codex Alimentarius Commission Food Standard အရ လည်းကောင်း၊ ဥရောပကော်မရှင်က ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများအရလည်းကောင်း၊ အာဆီယံကပြဋ္ဌာန်းထားသော ASEAN Food Control System ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်အရလည်းကောင်း ထုပ်ပိုးပြီးရေထွက်ပစ္စည်းများပေါ်တွင် အညွှန်းအမှတ်တံဆိပ်၌ အချက်အလက်များ ပြည်စုံစွာဖော်ပြရန် ရည်ညွှန်းပါစာများအရ အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနသည် ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ လိုက်နာရမည့် စည်းမျဉ်းများ (Technical Regulation for Export and Import of Fish and Fishery Products) ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါစည်းမျဉ်းတွင် အမှတ်တံဆိပ်၌ ဖော်ပြရန်လိုအပ်သော အချက်များကို လုပ်ငန်းရှင်များ လိုက်နာရန်အချက်တစ်ရပ်အဖြစ် ညွှန်ကြားချက်အမှတ်၊ ၈/၂၀၁၈ ကို ထုတ်ပြန်ပြီး (၁-၄-၂၀၁၉) ရက်နေ့မှစ၍ စတင်လိုက်နာဆောင်ရွက်ရန် အကြောင်းကြားခဲ့ပြီး ဖြစ်သော်လည်း အချို့သော ပို့ကုန်လုပ်ငန်းရှင်များသည် အညွှန်းအမှတ်တံဆိပ် (Label) တွင်မှားယွင်းစွာ ဖော်ပြခြင်း၊ မလိုအပ်သော အချက်များကို မိမိသဘောဆန္ဒ

အလျောက်ထည့်သွင်းဖော်ပြခြင်း နှင့် အပြည့်အဝလိုက်နာဆောင်ရွက်ခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၃။ ရေထွက်ပစ္စည်းတင်ပို့သူလုပ်ငန်းရှင်များအနေဖြင့် အညွှန်းအမှတ်တံဆိပ် (Label) ပေါ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို အင်္ဂလိပ်ဘာသာ (သို့မဟုတ်) အင်္ဂလိပ်ဘာသာနှင့်တင်သွင်းနိုင်ငံ၏ ဘာသာစကားနှစ်မျိုးစလုံးဖြင့် တိကျမှန်ကန်စွာလိုက်နာ ဖော်ပြရမည်ဖြစ်သည် -

(က) ဖော်ပြရန်အချက်များ

(၁) ထုတ်လုပ်သော ပစ္စည်းအမျိုးအမည်
Product Name

(၂) ထုတ်ကုန်အမည်/လက်တင်အမည်
Commodity/Scientific Name

(၃) ပါဝင်သည့်ပစ္စည်းများ
Ingredients

(၄) ဖြည့်စွက်ပစ္စည်း
Additives

(၅) ထုတ်လုပ်မှုပုံစံ
Processing Type

(၆) အသားတင်အလေးချိန်/စုစုပေါင်းအလေးချိန်
Net Weight/Gross Weight

(၇) ထုတ်လုပ်သောစက်ရုံအမည်/လိပ်စာ
Factory Name/Address

(၈) စက်ရုံမှတ်ပုံတင်အမှတ်
Factory Registration Number

(၉) ပင်ရင်းနိုင်ငံဖော်ပြချက်
Country of Origin

(၁၀) ထုတ်လုပ်သည့်နိုင်ငံ
Production Country

(၁၁) ထုတ်လုပ်သည့်ရက်စွဲ

Production Date

(၁၂) သက်တမ်းကုန်ဆုံးရက်(သို့)သုံးစွဲရန် အကောင်းဆုံးရက်

Expiry Date/Best before Date

(ခ) အခြားဖော်ပြရန်လိုအပ်ချက်များ

(၁) ထားသိုရန်အညွှန်း

Storage Instruction

(၂) သုံးစွဲရန်အညွှန်း

Direction for Use

(၃) ထုတ်လုပ်မှုနည်းလမ်း

Processing mode

(၄) ဖမ်းဆီးသည့်ဧရိယာ/မွေးမြူသည့်ဧရိယာ

Catching area/Aquaculture area

၄။ အညွှန်းအမှတ်တံဆိပ် (Label) ပေါ်တွင် တင်သွင်းနိုင်ငံများ၏ ထပ်ဆောင်းလိုအပ်ချက်များကို ဖော်ပြလျှင်လည်းကောင်း၊ အခြားသော အရည်အသွေး နှင့် ကျင့်ဝတ်ဆိုင်ရာ အမှတ်အသားများ (ဥပမာ၊ ISO, Halal) ကို ဖော်ပြလျှင်လည်းကောင်း သက်ဆိုင်ရာ လိုအပ်ချက်များအတွက် အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာနတွင် တင်ပြပြီးမှသာ ထည့်သွင်းဖော်ပြရမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်အညွှန်းအမှတ်တံဆိပ် (Label) တွင် အပိုဒ် (၃) ပါ ဖော်ပြရမည့်အချက်များကို သာမန်မျက်စိဖြင့်မြင်နိုင်သော ပုံနှိပ်စာလုံး (သို့မဟုတ်) ကွန်ပျူတာစာလုံးဖြင့် ထင်ရှားတိကျစွာဖော်ပြပါရန် အသိပေးအကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
ညွှန့်ဝင်း၊ ညွှန်ကြားရေးမှူး

**ဖြန့်ဝေခြင်း**

**-------------------------- ကုမ္ပဏီ/စက်ရုံ**

မိတ္တူ -

ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (စက်ရုံများသို့ ဆက်လက်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

ရုံးလက်ခံ

မျှောစာတွဲ